# စက်မှုဝန်ကြီးဌာန

## စက်မှုသတင်းလွှာ

အတွဲ(၃)၊ အမှတ်(၁)၊ ၂၀၂၄ ခုနှစ် (ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်)

# MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း မြှင့်တင်ပေးနိုင်မည်



အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကို မတ်လ ၂၀ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အပါအဝင် - စာမျက်နှာ ၂ သို့-

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

---

## *EV Charging Station* များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

စာမျက်နှာ ၁၀ သို့-

## Daewoo Bus ထုတ်လုပ်သည့်အလုပ်ရုံနှင့် စက္ကူစက်ရုံ (ရေနီ) တို့သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

စာမျက်နှာ ၁၄ သို့-

## ရုရှားနိုင်ငံ NPPA - Engineering LLC Company မှ ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း လက်ခံတွေ့ဆုံ

ကျောဖုံးသို့-

---

## စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်မှုလုပ်ငန်းစာရင်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ ၁၁ သို့-

---

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အိန္ဒိယသမ္မတနိုင်ငံရှိ သံမဏိ၊ ဆေးဝါးနှင့်အထည်အလိပ်စက်ရုံများအား ကြည့်ရှုလေ့လာ

စာမျက်နှာ ၇ သို့-

စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊
ဧေယျာဌာနီလမ်း၊ နေပြည်တော်။
ဖုန်း- ၀၆၇-၃၄၀၅၀၄၂

စက်မှုဝန်ကြီးဌာနမှ (၃) လ တစ်ကြိမ် ထုတ်ဝေသည်။

***မျက်နှာဖုံးမှ -***

ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊အလယ်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ***(ပုံ)***




အမှာစကားပြောကြားရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းကော်မတီ၏တတိယအကြိမ်အစည်းအဝေး၌ ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် အေဂျင်စီများချိတ်ဆက်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

## နိုင်ငံ့စီးပွားတိုးတက်လာနိုင်ရေး

ယနေ့အစည်းအဝေးသည် လုပ်ငန်းကော်မတီ၏စတုတ္ထအကြိမ်အစည်းအဝေးဖြစ်ပြီး အစည်းအဝေးကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးအခြေခံ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ကဏ္ဍအလိုက်လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး၊ ထုတ်ကုန်များကို ပြည်ပပို့ကုန်များအဖြစ်တိုးမြှင့်ထုတ်လုပ်ဆောင်ရွက်နိုင်ရေး၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်းဖြင့် တစ်ဦးချင်းဝင်ငွေတိုးလာပြီး နိုင်ငံ့စီးပွားတိုးတက်လာနိုင်ရေး၊ ဆီထွက်သီးနှံ၊ စက်မှုသီးနှံ၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပံ့ပိုးဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးနိုင်ရန်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီ၏အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအေဂျင်စီများက ပြီးပြတ်အောင်ဆောင်ရွက်နိုင်ရေး တွန်းအားပေးလုပ်ဆောင်နိုင်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်တို့အတွက် ကျင်းပရခြင်းဖြစ်ကြောင်း။

ယခုအချိန်သည် မိမိတို့နိုင်ငံ၏စီးပွားရေး ဦးမော့လာစေရန်အတွက် တွန်းအားပေးလုပ်ဆောင်လျက်ရှိသည့် ကာလဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းကဏ္ဍပေါင်းများစွာရှိပြီး MSME များကို အားပေးမြှင့်တင်ခြင်းသည် အရေးပါသည့်အခန်းကဏ္ဍတစ်ခုလည်းဖြစ်ကြောင်း၊ MSME လုပ်ငန်းဆိုသည်မှာ စိုက်ပျိုးမွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှုမှစ၍ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်ပါဝင်နေသော စီးပွားရေးလုပ်ငန်းများဖြစ်ပြီး အဓိကအရေးပါသည့် အခြေခံလုပ်ငန်းများဖြစ်သည့်အတွက် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားကို ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

## နိုင်ငံရေးရည်မှန်းချက်နှင့် အမျိုးသားရေးရည်မှန်းချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် **'စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး'** အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် **'တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေး'** တို့ကို နိုင်ငံတော်၏မျှော်မှန်းချက်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်စီးပွားရေးဦးတည်ချက် (၃) ရပ်အပါအဝင် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ခဲ့ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းဒေသအသီးသီးမှထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြုပြီး ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည့်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေးကိုလည်း လမ်းညွှန်ချက်များနှင့်အညီ ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့် ဒေသဆိုင်ရာအေဂျင်စီများ ပေါင်းစပ်ညှိနှိုင်း၍ စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်များကို ကဏ္ဍ (၄) ခုတွင် မူရင်းထုတ်ကုန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်စုစုပေါင်း ၆၁၂ မျိုး ပြုစုတင်ပြထားသည်ကိုလည်း တွေ့ရှိရကြောင်း၊ ဒေသထုတ်ကုန်များကို တန်ဖိုးမြှင့်အနေဖြင့် ထုတ်လုပ်နိုင်မည်ဆိုပါက ထုတ်ကုန်၏ Trade Value တန်ဖိုးတက်လာပြီး ဝင်ငွေများတိုးတက်ရရှိစေမည်ဖြစ်ကြောင်း၊ ထို့မှတစ်ဆင့်

***စာမျက်နှာ ၃ သို့-***

***စာမျက်နှာ ၂ မှ-***

ပို့ကုန်အဖြစ် ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေရရှိပြီး နိုင်ငံ၏ GDP လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုကို မြှင့်တင်ခြင်းအားဖြင့် ကျေးလက်နေပြည်သူလူထုတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ပြည်တွင်းထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များကို တန်ဖိုးမြင့် ထုတ်လုပ်နိုင်ပါက ပြည်ပသွင်းကုန်ပစ္စည်းများကို မှီခိုနေရခြင်းမှ ကင်းလွတ်နိုင်မည်ဖြစ်ပြီး ဈေးကွက်မတည်ငြိမ်မှုကိုလည်း ထိန်းကျောင်းသွားနိုင်မည်ဖြစ်ကြောင်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်တို့မှ အဆိုပြုထားသည့် ထုတ်ကုန်အမယ် ၁၀၇ မျိုးကို Action Plan ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပြုထားသည့် ထုတ်ကုန်အမယ်များအနက် ဦးစားပေး ၅၇ မျိုးကိုလည်း ရွေးချယ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသအလိုက်စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန် (Work Plan) များနှင့်ချိတ်ဆက်ပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### *MSME လုပ်ငန်းများကို အားပေးကူညီ*

နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံ့စီးပွားကို မြှင့်တင်ရေးအတွက် MSME လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေရှည်အာမခံချက်ရှိလာအောင် အားပေးကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်သူလူထုအတွက် ထုတ်ကုန်များစွာကို ဒေသအသီးသီးတွင်ရှိသည့် MSME များက ထုတ်လုပ်ပေးခြင်းအားဖြင့် နိုင်ငံ့စီးပွားတိုးတက်ပြောင်းလဲအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများအနေဖြင့် ပြည်တွင်းထွက်ကုန်ကြမ်းများကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများကို နိုင်ငံအတွင်းစားရေးရိက္ခာဖူလုံမှုအတွက် အဓိကထားထုတ်လုပ်စေလိုပြီး ထိုမှတစ်ဆင့်တန်ဖိုးမြင့်ထုတ်ကုန်များကိုထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်သည်အထိ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရေးအတွက် MSME လုပ်ငန်းရှင်များနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင်တွေ့ဆုံပွဲ (၂၃) ကြိမ်၊ မိမိအနေဖြင့်လည်း MSME လုပ်ငန်းရှင်များဖြင့် တွေ့ဆုံပွဲ ငါးကြိမ်ပြုလုပ်ခဲ့ကြောင်း၊ တွေ့ဆုံပွဲများတွင် လုပ်ငန်းရှင်များမှကဏ္ဍအလိုက် လိုအပ်ချက်များတင်ပြကြပြီး နည်းပညာ၊ ငွေကြေး၊ အရင်းအနှီး၊ ဈေးကွက်၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် မြေနေရာလိုအပ်ချက်တို့ကို တင်ပြလာသည်ကိုတွေ့ရှိရကြောင်း။

တင်ပြမှုများတွင် အများအားဖြင့် မြေနေရာနှင့်ငွေကြေးအရင်းအနှီး အချက်နှစ်ချက်ဖြစ်ကြောင်း၊ ဒေသထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်လုပ်မှုများ ပြုလုပ်သည့်အခါ ထုတ်လုပ်မှုစရိတ်အတွက် ငွေကြေးအရင်းအနှီးက အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ၊ MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေတို့ကို ထူထောင်ထားပြီး MSME လုပ်ငန်းများကို ငွေကြေးအရင်းအနှီးပံ့ပိုးပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME ချေးငွေလျှောက်ထားရာတွင် လုပ်ငန်းစဉ်များကို သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်မှထုတ်ချေးပေးထားသော MSME ချေးငွေများကို အမှန်တကယ်လိုအပ်သည့်လုပ်ငန်းရှင်များအား ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့်ဒေသဆိုင်ရာအေဂျင်စီများအားလုံး ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးပုံစံများအဆင့်ဆင့်ပြောင်းလဲလာမှုအပေါ် မိမိတို့နိုင်ငံရှိ MSME များ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုင်ရာ နည်းပညာများသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ MSME များဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာသည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းရှင်များအတွက် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး၊ နိုင်ငံတကာစီးပွားရေးကွန်ရက်များနှင့် ချိတ်ဆက်ပေးနိုင်ရေး၊ ဒစ်ဂျစ်တယ်စွမ်းရည်များ မြှင့်တင်ပေးနိုင်ရေးတို့ကို အစီအမံများရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်လာစေရန် Incubation Center များ တည်ထောင်ပြီး အစပျိုးစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးရန်၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပိုမိုပေါ်ပေါက်လာစေရန်နှင့် ဆန်းသစ်တီထွင်မှုနှင့်ယှဉ်ပြိုင်နိုင်မှု ပိုမိုအားကောင်းလာစေရန် လုပ်ငန်းကော်မတီနှင့်အေဂျင်စီအသီးသီးက လိုအပ်သည်များကူညီပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် MSME များ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဈေးကွက်ချိတ်ဆက်နိုင်မှုနှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုတို့ကလည်း အသက်သွေးကြောကဲ့သို့ အလွန်အရေးပါသည့်အတွက် ဒေသအသီးသီးတွင် ဈေးကွက်များ၊ ကုန်စည်အဝယ်ဒိုင်များ ဖွံ့ဖြိုးလာစေရေး သက်ဆိုင်ရာအေဂျင်စီအသီးသီးက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ထို့ပြင် MSME လုပ်ငန်းများအတွက် အဓိကလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်လုပ်သားများရရှိရေးကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သင်တန်းများဆက်လက်ပြုလုပ်ပေးရမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှယနေ့အထိ သင်တန်းအမျိုးအစားပေါင်း ၃၅၀၊ ဖွင့်လှစ်ပြီးအကြိမ်

***စာမျက်နှာ ၄ သို့-***

*စာမျက်နှာ ၃ မှ-*

ရေ ၄,၃၉၅ ကြိမ်၊ တက်ရောက်ပြီးသင်တန်းသားစုစုပေါင်း ၉၁,၈၀၇ ဦးရှိပြီး တက်ရောက်ဆဲသင်တန်းသားစုစုပေါင်း ၃,၈၆၂ ဦးရှိကြောင်းကို တွေ့ရှိရကြောင်း၊ ဆက်လက်၍လည်း သက်ဆိုင်ရာလုပ်ငန်းအလိုက်၊ ကဏ္ဍအလိုက်ကျွမ်းကျင်လုပ်သားများ တိုးတက်ရရှိရေးအတွက် ဆက်လက်အားပေးဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

## ဆွေးနွေးပေးစေလို

ယခင်လုပ်ငန်းကော်မတီအစည်းအဝေးများတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အလားအလာရှိသည့် ထုတ်ကုန်ပစ္စည်းများကို OROP Action Plan တွင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ MSME အားပေးမြှင့်တင်ရေးအစီအစဉ်များ၊ စက်မှုချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ်များ၊ MSME လုပ်ငန်းရှင်များနှင့် စက်မှုဇုန်များချိတ်ဆက်ဆောင်ရွက်ရေးနှင့် MSME ပြပွဲပြိုင်ပွဲများတွင် Digital Corner များ ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို လုပ်ငန်းကော်မတီအဖွဲ့ဝင်များအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း ယခုအစည်းအဝေးတွင် ဆွေးနွေးပေးစေလိုကြောင်း။

MSME များကို အားပေးမြှင့်တင်ပေးရေးဆောင်ရွက်ရာတွင် သေချာသည့်ကုန်ကြမ်း၊ လိုအပ်သည့်သွင်းအားစု၊ နည်းပညာငွေကြေးအရင်းအနှီးထောက်ပံ့ပေးမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အခြေခံအုတ်မြစ်သဖွယ် အလေးထားစီမံပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးရာတွင်လည်း MSME များ အမှန်တကယ်လိုအပ်သည့်ကျွမ်းကျင်လုပ်သားများကို TVET အစီအစဉ်များဖြင့် မွေးထုတ်ပေးခြင်းနှင့် ခေတ်နှင့်အညီလိုအပ်လာသည့် ကျွမ်းကျင်မှုများ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ခြုံငုံဆွေးနွေးရပါက မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျောရိုးမှာထုတ်လုပ်မှုကဏ္ဍဖြစ်သည်ကိုတွေ့ရကြောင်း၊ ကောင်းမွန်စွာလည်ပတ်လျက်ရှိသည့် ကုန်ထုတ်လုပ်မှုကဏ္ဍတစ်ရပ်သည် အရည်အသွေးမြင့်မားပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချပေးနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ ကုန်ထုတ်စွမ်းအားတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးအတွက်ကိုလည်း ကောင်းမွန်စွာလည်ပတ်နေသည့် MSME လုပ်ငန်းများက များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုအခန်းကဏ္ဍယခုထက်မြင့်မားတိုးတက်ရေးအတွက် တွေ့ကြုံရသည့်အားသာချက်၊ အားနည်းချက်များကို လုပ်ငန်းကော်မတီမှတစ်ဆင့် နိုင်ငံတော်အစိုးရမှ ထုတ်လုပ်မှုကဏ္ဍစီမံချက်ကို မူဝါဒမှတစ်ဆင့် စီမံချက်ရေးဆွဲနိုင်ရန်အတွက် ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအသင်းအဖွဲ့အစည်းများတွင်ရှိသည့် ကျွမ်းကျင်သူများနှင့်ပညာရှင်များက ထုတ်လုပ်မှုကဏ္ဍအတွက်လိုအပ်သည့် သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားရန်လိုကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ယခုအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးပေးကြစေလိုကြောင်း။

## အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်

မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်နေသည့်နိုင်ငံဖြစ်ပြီး နိုင်ငံအတွက်လိုအပ်သည့်ထုတ်ကုန်များကို အပြည့်အဝထုတ်လုပ်နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းများ၏လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများမှ မူဝါဒဆိုင်ရာလမ်းညွှန်မှာကြားချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရနှင့်အေဂျင်စီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်ပြီး MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ရှိရသည့်အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များကို လုပ်ငန်းကော်မတီနှင့်နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အချက်များကိုလည်း ထည့်သွင်းဆွေးနွေးပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ဖတ်ကြားတင်ပြ

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့မှ ဝန်ကြီး ချုပ်များက အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသေးစား၊

*စာမျက်နှာ ၅ သို့-*

*စာမျက်နှာ ၄ မှ-*

*စာမျက်နှာ ၄ မှ-*

အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ထုတ်ချေးထားသည့်ငွေကြေးဆိုင်ရာ အချက်အလက်များနှင့်ချေးငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏လမ်းညွှန်ချက်များ၊ မိန့်မှတ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းပြီး လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

## ဆွေးနွေးတင်ပြ

ထို့နောက်လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဦးထွန်းအုံနှင့်ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့်အသင်းအဖွဲ့များမှတာဝန်ရှိသူများက အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် စက်မှုဝန်ကြီးဌာန၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် ထုတ်ကုန်ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။*(ပုံ)*

**သတင်းစဉ်**



# အမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပ

အမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အိန္ဒိယသံရုံးမှ ဒုတိယသံအမတ်ကြီး Mr. Ashish Sharma နှင့်ဆက်ဆံရေးအရာရှိ Ms.Yadav၊ HMT International Ltd. မှအထွေထွေမန်နေဂျာ Mr.Y.K. Vaish နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အခြေအနေများကို Video Clip ဖြင့်ပြသပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ***(ပုံ)*** အမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ) သည် အသိညဏ်ပညာဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်စေမည့် လေ့ကျင့်ရေးသင်တန်းကျောင်းအဖြစ် ဖွင့်လှစ်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းကျောင်းသည် အိန္ဒိယအစိုးရ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံနှင့် HMT International Ltd. (India) တို့ ပူးပေါင်းဆောင်ရွက်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းကျောင်းကိုအကောင်အထည်ဖော်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ခေတ်မီနည်းပညာများလေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်၍ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ပေးနိုင်မည့် မျှော်မှန်းချက်အား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းကျောင်းသည် *မြန်မာနိုင်ငံ၏ TVET ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုဝန်ကြီးဌာန၏ အဌမမြောက် အောင်မြင်မှုအဖြစ် ဖြစ်တည်လာခဲ့ပြီး ရော်ဘာနည်းပညာသင်တန်းကို ပထမဆုံးဖွင့်လှစ်မည့် ထူးထူးခြားခြားသင်တန်းကျောင်းလည်းဖြစ်ကြောင်း၊* ထို့ပြင် မြန်မာနိုင်ငံအောက်ပိုင်းတွင် စတင်ဖွင့်လှစ်သည့်သင်တန်းကျောင်းတစ်ခုအဖြစ် မိမိတို့၏ကြိုးပမ်းအားထုတ်မှုမှတ်တိုင်အဖြစ် ထင်ရှားနေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ လူငယ်များအတွက် အရည်အသွေးပြည့်မီသော သက်မွေးပညာရေးအား သင်ယူတတ်မြောက်စေရန်၊ စီးပွားရေးတိုးတက်စေရန် ရည်ရွယ်၍ စက်မှုသင်တန်းကျောင်းအား တည်ထောင်ခဲ့ခြင်းဖြစ်သဖြင့် အိန္ဒိယနိုင်ငံအစိုးရကို အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ စက်မှုသင်တန်းကျောင်းသည် မြန်မာနိုင်ငံလူငယ်များအတွက် အကန့်အသတ်မရှိသော အခွင့်အလမ်းများ၊ အိပ်မက်များ၊ စိတ်ကူးစိတ်သန်းများ လွတ်လပ်စွာ မွေးဖွားပေးနိုင်သည့် လေ့ကျင့်ရေးသင်တန်းကျောင်းတစ်ခုဖြစ်လာပါစေဟု ဆန္ဒပြုအပ်ကြောင်း၊ နောင်လာမည့်မျိုးဆက်သစ်များအတွက် အမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ) သည် ဂုဏ်ယူစရာအရင်းအမြစ်တစ်ခုအဖြစ် အမြဲတမ်းအောင်မြင်မှု ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံသံရုံး ဒုတိယသံအမတ်ကြီးက မြန်မာနိုင်ငံ၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် ထုတ်ကုန်အရည်အသွေးများ တိုးတက်ကောင်းမွန်စေရေးတို့အတွက် အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)၊ အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) တို့ကို ဖွင့်လှစ်နိုင်ရေးအတွက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုလွှဲပြောင်းပေးသည့် အမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ) ကိုပါ ဖွင့်လှစ်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့သဖြင့် မြန်မာနိုင်ငံတွင် စက်မှုသင်တန်းကျောင်း သုံးကျောင်းအား ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် အမှတ် (၇) စက်မှုသင်တန်းကျောင်း (မုံရွာ) အားဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အိန္ဒိယအစိုးရအနေဖြင့် မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။




***စာမျက်နှာ ၇ သို့-***

မျက်နှာဖုံးမှ -

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း

## အိန္ဒိယသမ္မတနိုင်ငံရှိ သံမဏိ၊ ဆေးဝါးနှင့်အထည်အလိပ်စက်ရုံများအား ကြည့်ရှုလေ့လာ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၁၆ ရက်နေ့ ညနေပိုင်းတွင် အိန္ဒိယနိုင်ငံအစိုးရ၏ဖိတ်ကြားချက်အရ သံမဏိ၊ ဆေးဝါးနှင့် အထည်အလိပ်စက်ရုံများအား ကြည့်ရှုလေ့လာရန် ရန်ကုန်မြို့မှ အိန္ဒိယသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း သံမဏိ၊ ဆေးဝါးနှင့်အထည်အလိပ်စက်ရုံများအား ကြည့်ရှုလေ့လာရန် ဇန်နဝါရီလ ၁၇ရက်နေ့ ဒေသစံတော်ချိန် ၁၀း၀၀ နာရီတွင် ကော်လ်ကတ္တားမြို့မှမော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ရာ Durgapur သံမဏိစက်ရုံသို့ ၁၂း၂၀ နာရီတွင်ရောက်ရှိရာ ညွှန်ကြားရေးမှူး Mr. BP Singh နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် Mr. BP Singh က Durgapur သံမဏိစက်ရုံဆိုင်ရာအချက်အလက်များ၊ Durgapur စက်ရုံတည်ဆောက်ခဲ့မှုနှင့်နှစ်အလိုက်ပြောင်းလဲတိုးတက်လာမှု၊ စက်ရုံအနေဖြင့် တစ်နှစ်လျှင်သံမဏိတန်ချိန် ၂ သန်းကျော်ထုတ်လုပ်နေမှု၊ *အိန္ဒိယသမ္မတနိုင်ငံသည် တစ်နှစ်လျှင်သံမဏိတန်ချိန် သန်း ၁၀၀ ကျော်ထုတ်လုပ်လျက်ရှိသဖြင့် ကမ္ဘာပေါ်တွင် ဒုတိယမြောက်သံမဏိအများဆုံးထုတ်လုပ်နေမှု*တို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံအတွက်လိုအပ်သောကုန်ကြမ်း (Scrap) များရရှိမှု၊ လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်မွေးမြူနေမှုတို့ကိုမေးမြန်းရာ Mr. BP Singh က အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားပြီး စက်ရုံအတွင်းရှိ Liquid Steel ထုတ်လုပ်ပေးနေသည့် Blast Furnaces၊ Liquid Steel များကို Converter မှတစ်ဆင့် စတုရန်းပုံ Steel Billet နှင့်စတုဂံပုံ Bloom ထုတ်လုပ်နေမှု၊ မီးရထားသံဘီးများနှင့် အခြားဘီးများထုတ်လုပ်နေမှု၊ Section Mill တွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး Steel Structural များ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှု၍ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်



စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း Durgapur သံမဏိစက်ရုံအား ကြည့်ရှုလေ့လာစဉ်။

ပေးအပ်သည်။ ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကော်လ်ကတ္တားမြို့၌အနောက်ဘင်္ဂေါစီးပွားရေးလုပ်ငန်းရှင်များမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်၍ လုပ်ငန်းရှင်များသိရှိလိုသည့်အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးက အသေးစိတ်ပြန်လည်ရှင်းလင်းပြောကြားသည်။

ဇန်နဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကော်လ်ကတ္တားမြို့၌ ဘင်္ဂေါပြည်နယ်ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆေးဝါးကုသမှုလုပ်ငန်းများ အကျိုးတူဆောင်ရွက်ရေး၊ ဆိုလာတပ်

စာမျက်နှာ ၈ သို့-

စာမျက်နှာ ၆ မှ-

ထို့နောက် HMT International Ltd. မှ အထွေထွေမန်နေဂျာ Mr. Y.K. Vaish နှင့်စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျေးဇူးတင်စကားများပြောကြပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် HMT International Ltd. မှ အထွေထွေမန်နေဂျာတို့သည် အမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ) လွှဲပြောင်းလက်ခံမှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ယင်းနောက် အမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ) လွှဲပြောင်းခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

အဆိုပါအမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ) တွင် Rubber Technology, CNC, Machinist, Electrician, Welder, IT ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကျောင်းအနေဖြင့် ကျွမ်းကျင်မှုအခြေပြုရက်တိုသင်တန်းနှစ်ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ပုံမှန်တစ်နှစ်သင်တန်းများကိုယခုနှစ်အတွင်း ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

***စာမျက်နှာ ၇ မှ-***

ဆင်ရေးလုပ်ငန်းများဆောင်ရွက်ရေး၊ ပညာတော်သင်စေလွှတ်ရေး၊ အလိုအလျှောက်ထိန်းချုပ်မောင်းနှင်ရေးစနစ်များကို ပြုပြင်ထိန်းသိမ်းမည့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရေး၊ သံမဏိထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်များကိုအကူအညီပေးရေးစသည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးသည်။***(ပုံ)*** မွန်းလွဲပိုင်းတွင်



ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကော်လ်ကတ္တားမြို့မှ လေယာဉ်ဖြင့်ထွက်ခွာလာရာ အမိတာဘတ်မြို့သို့ ဒေသစံတော်ချိန် ၁၉း၃၅ နာရီတွင်ရောက်ရှိရာ ပြည်နယ်အစိုးရလုံခြုံရေးအကြီးအကဲက ကြိုဆိုနှုတ်ဆက်သည်။

ဇန်နဝါရီလ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမိတာဘတ်မြို့ရှိ Intas Pharmaceuticals Ltd. သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များမှ သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။ ထို့နောက် စက်ရုံအတွင်း ဆေးဝါးများထုတ်လုပ်နေသည့် နည်းစဉ်အဆင့်ဆင့်တို့ကို လေ့လာကြည့်ရှုသည်။ ***(ပုံ)*** ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဂူဂျာရတ်ပြည်နယ်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်ရေး၊ အိန္ဒိယနိုင်ငံရှိ



စက်မှုလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်၍ဆွေးနွေးညှိနှိုင်းသည်။

ဇန်နဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂူဂျာရတ်ပြည်နယ်ရှိ Arvind အထည်အလိပ်စက်ရုံသို့ရောက်ရှိရာ စက်ရုံတာဝန်ခံက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထည်အလိပ်များထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများမှလိုက်လံရှင်းလင်းပြသသည်။ ***(ပုံ)***



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ၊ ဂူဂျာရတ်ပြည်နယ်၊ အမိတာဘတ်မြို့မှ ပြန်လည်ထွက်ခွာလာရာ ဇန်နဝါရီလ ၂၁ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ဒုတိယအမြဲတမ်းအတွင်းဝန်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

***စာမျက်နှာ ၉ သို့-***

မျက်နှာဖုံးမှ -

# ကျန်းမာရေးဝန်ကြီးဌာနမှ အမှာစာဖြင့်ဝယ်ယူထားသည့်ဆေးဝါးများ၊ ဆေးရုံသုံးပရိဘောဂပစ္စည်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

ကျန်းမာရေးဝန်ကြီးဌာနမှ အမှာစာဖြင့်ဝယ်ယူထားသည့်ဆေးဝါးများ၊ ဆေးရုံသုံးပရိဘောဂပစ္စည်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) ရှိအစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက *(ပုံ)* စက်မှုဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနများ၏ အမှာစာများကို အပြည့်အဝထုတ်ပေးနိုင်ရေးအတွက် လိုအပ်သောဘဏ္ဍာငွေ ရန်ပုံငွေများကို ကြိုတင်လျာထားတင်ပြတောင်းခံရကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းများကိုလည်း ထုတ်ပြန်ပြဋ္ဌာန်းထားသည့် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သောဆေးဝါးနှင့်ဆေးရုံသုံးပရိဘောဂပစ္စည်းများကို ဘဏ္ဍာနှစ်၏ပထမသုံးလအတွင်း အမှာစာများကိုပေးပို့စေလိုကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ထုတ်လုပ်ရောင်းချပေးနိုင်မည့် ဆေးဝါးများစာရင်းကိုလည်း ယခုလအတွင်း ပေးပို့သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှလိုအပ်ချက်အရ ထုတ်လုပ်ပေးစေလိုသည့် ဆေးဝါးများရှိပါကလည်း ထုတ်လုပ်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အမှာစာဖြင့် မှာယူထားသည့်ဆေးဝါးများနှင့် ဆေးရုံသုံးပရိဘောဂများနှင့်ပတ်သက်၍ လက်ခံရရှိမှုအခြေအနေ၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာတို့က ကျန်းမာရေးဝန်ကြီးဌာနမှမှာယူထားသည့်ဆေးဝါးများနှင့်ပတ်သက်၍ ပေးပို့ပြီးနှင့်ပေးပို့ရန်ကျန်ရှိမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ အထွေထွေမန်နေဂျာက ဆေးရုံသုံးပရိဘောဂများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားမှု၊ ပေးသွင်းပြီးနှင့် ပေးသွင်းရန်ကျန်ရှိမှု၊ ဆက်လက်ပေးသွင်းနိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



***စာမျက်နှာ ၈ မှ-***

စက်မှုဝန်ကြီးဌာနမှ စက်ရုံမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

## မျက်နှာဖုံးမှ - EV Charging Station များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး




အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီလ ၃၁ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇမ္ဗူသီရိမြို့နယ် သပြေကုန်းဈေးနှင့်စည်ပင်ဧည့်ရိပ်သာရှေ့ရှိ EV Charging Station များကို ကြည့်ရှုစစ်ဆေးသည်။ *(ပုံ)*

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကော်မတီမှတင်သွင်းခွင့်ပြုခဲ့သည့် လျှပ်စစ်သုံးယာဉ်အမျိုးမျိုးအတွက် လျှပ်စစ် ဓာတ်အားဖြည့်သွင်းနိုင်သည့်စနစ်များ ပြည့်စုံအောင်တပ်ဆင်ထားရှိရန်၊ Charging Station ရှိ တာဝန်ရှိသူများအနေဖြင့် သုံးစွဲသူပြည်သူများ၏ အကြံပြုချက်များအတိုင်း ပြုပြင်ပြောင်းလဲတပ်ဆင်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ လျှပ်စစ်သုံးယာဉ်များသို့ လျှပ်စစ်ဓာတ်အားများ ဖြည့်သွင်းနေစဉ် မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များ ဖြစ်ပွားလာပါက လျင်မြန်စွာတုံ့ပြန်ဖြေရှင်းဆောင်ရွက်နိုင်ရေး အစီအမံများရေးဆွဲထားရန်၊ ပြည်သူများအနေဖြင့် လျှပ်စစ်သုံးယာဉ်များကို ပိုမိုအသုံးပြုလာနိုင်မည်ဖြစ်၍ Charging Station များ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြိုတင်စဉ်းစားဆောင်ရွက်ထားရန်၊ Charging Station များ တည်ထောင်ဖွင့်လှစ်ထားသည့်ကုမ္ပဏီများအနေဖြင့် ကိုယ်ပိုင်လျှပ်စစ်ဓာတ်အားများထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း တွေ့ကြုံနေသည့် အခက်အခဲများရှိပါက အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီငါးခုတို့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်၊ Charging Station များတွင် မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာထားရှိရန်နှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်များ ရေးဆွဲပြီး ဇာတ်တိုက်လေ့ကျင့်ထားကြရန် မှာကြားပြီး EV Charging Station များ တည်ဆောက်ထားရှိမှု၊ လျှပ်စစ်သုံးယာဉ်များအား လျှပ်စစ်ဓာတ်အားဖြည့်သွင်းနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) အား ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇန်နဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ရှိ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့်တာဝန်ရှိသူများကိုတွေ့ဆုံ၍ စက်ရုံမှ ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သောထုတ်လုပ်မှုအထောက်အကူပြုပစ္စည်းများ၊ စက်အရန်ပစ္စည်းများကို လုပ်ငန်းရုံးချုပ်၏အစီအမံဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားဝန်အားပြည့်ရရှိချိန်တွင် ထုတ်လုပ်မှုလျာထားချက်ပြည့်မီအောင် စီမံဆောင်ရွက်ရန်နှင့် ဆောင်ရွက်မည့်အစီအမံများကိုလည်း လုပ်ငန်းရုံးချုပ်နှင့်ညှိနှိုင်းပေါင်းစပ်ရေးဆွဲတင်ပြရမည်ဖြစ်ကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး) ခေါင်းစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ယခုဘဏ္ဍာရေးနှစ်မကုန်မီ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံနှင့်ဒေသအတွက် လူမှုတာဝန်သိမှုလုပ်ငန်း (CSR) များ ပံ့ပိုးပေးနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စီမံကိန်းအတွက် ထပ်မံဝယ်ယူထားသည့် မီးခံအုတ်များ ရောက်ရှိနေမှု၊ စက်သုံးဆီများသိုလှောင်ထားမှု၊ ထရန်စဖော်မာများ အစားထိုးလဲလှယ်တပ်ဆင်နေမှု၊ လုံခြုံရေးကင်မရာ (CCTV) များ တပ်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းသိုလှောင်ရုံအတွင်းသို့ ရောက်ရှိသည့်ပစ္စည်းများကို ပထမဆုံးထုတ်သည့်စနစ် (First-in, First-out) ဖြင့် ထုတ်ယူသုံးစွဲရန်၊ မြေအောက်ဆီသိုလှောင်ကန်ပတ်ဝန်းကျင်ရှိ မြေပြင် ပေ ၂၀ ခန့်ရှင်းလင်းထားရန်၊ စက်ရုံလုံခြုံရေးနှင့်ပတ်သက်၍ အထူးအလေးထားကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်းသိရသည်။

မျက်နှာဖုံးမှ -

# စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်မှုလုပ်ငန်းစာရင်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်မှုလုပ်ငန်းစာရင်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၈ ရက်နေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် စက်မှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ *(ပုံ)*




အစည်းအဝေးတွင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၏မူရင်းထုတ်ကုန်အမယ်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များအလိုက် ဆောင်ရွက်သင့်သောစိုက်ပျိုးမွေးမြူရေးထုတ်ကုန်အမယ် (၆၁၂) မျိုး၏စာရင်းကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမှန်တကယ်မူလအခြေခံရှိပြီး ဈေးကွက်ရရှိထားသောဒေသထုတ်ကုန်များကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ MSME များအနေဖြင့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် (Work Plan)၊ ပြီးစီးအောင်ဆောင်ရွက်မည့်ကာလ (Time Line) တို့ကိုစနစ်တကျပြုစုရေးဆွဲပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အထောက်အကူပြုနိုင်သောအလားအလာရှိသည့် အမှန်တကယ်အလုပ်လုပ်ကိုင်သောလုပ်ငန်းများကိုသာ ရွေးချယ်၍ ချေးငွေထုတ်ပေးပြီး တွန်းအားပေးဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် အမှန်တကယ်ဆောင်ရွက်ခြင်းရှိ/မရှိကိုလည်း ပြန်လည်သုံးသပ်စစ်ဆေးရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်မြေရရှိရေး၊ နည်းပညာ၊ အရင်းအနှီးနှင့်ဈေးကွက်ရရှိရေးတို့အပေါ် ကူညီဆောင်ရွက်နိုင်ရန်တင်ပြသော်လည်း ချက်ချင်းလက်ငင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကိုသာ ရွေးချယ်ပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က One Region One Product အနေဖြင့် ဒေသတစ်ခုမှသည်တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ပြည်ပသို့တင်ပို့နိုင်သည်အထိ အလားအလာရှိသည့် MSME ထုတ်ကုန်ပစ္စည်းများကို ရွေးချယ်သင့်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြည်ပပို့ကုန်များအဖြစ် သစ်၊ ဝါးအခြေခံလုပ်ငန်းများ၊ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ၊ ကြိမ်အချောထည်ပစ္စည်းများ၊ ဆားလုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရန်လိုကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် One Region One Product ထုတ်ကုန်များကို ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့ထုတ်လုပ်တင်ပို့နိုင်မည့် ထုတ်ကုန်အမယ်သစ်များဖြစ်သင့်ကြောင်း၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းများတွင် ***'မြန်မာပြည်တွင် ထုတ်လုပ်သည်' (Made in Myanmar)*** တံဆိပ်ကပ်နှိပ်နိုင်သည့် ထုတ်ကုန်အမယ်သစ်များကို ဦးစားပေးသင့်ကြောင်း၊ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် လိုအပ်သောနည်းပညာ၊ သယ်ယူပို့ဆောင်မှု၊ ရောင်းချဖြန့်ဖြူးမှု၊ ပြည်ပသို့တင်ပို့မှုနှင့်ပတ်သက်၍ ချမှတ်ထားသည့်မူဝါဒ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရာတွင် ကြန့်ကြာမှုမရှိစေရေး ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမှသာ MSME လုပ်ငန်းများ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုပြုစုထားရှိသောစာရင်းများသည် ဝန်ကြီးဌာနများမှ အဆိုပြုထားသည့် သဘောထားမှတ်ချက်များနှင့် အသုံးအနှုန်းများဖြစ်သော်လည်း တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများ၏ သဘောထားမှတ်ချက်များနှင့် စာရင်းဇယားအချက်အလက်များပေါ်တွင် မူတည်ပြီး မူလကပြုစုထားသည့် ထုတ်ကုန်အမယ် ၂၂၂ မျိုးအား ဖြည့်စွက်၍ ထုတ်ကုန်အမယ် ၆၁၂ မျိုးကို ပြန်လည်ပြုစုတင်ပြခြင်းဖြစ်ကြောင်း၊ *ဆန်မှထုတ်လုပ်သည့် မူရင်းထွက်ကုန် ဆန်၊ စပါး၊ ဖွဲနုသုံးမျိုးတွင် အဆင့် (၁) တန်ဖိုးမြှင့်ထုတ်ကုန် ပေါင်းဆန်၊ မုန့်မျိုးစုံ၊ ကြာဆံ၊ မုန့်တီ/မုန့်ဖတ်၊ ခေါက်ဆွဲ၊ အရက်၊ မြူစွမ်နှင့်ဆန်မှုန့်ဟူ၍ (၈) မျိုး၊ အဆင့် (၂) တန်ဖိုးမြှင့်ထုတ်ကုန် အာဟာရဖြည့်ဆန်/ဆီးချိုဆန်၊ အသင့်စားဆန်ပြုတ်၊ မုန့်တီ/မုန့်ဖတ်ခြောက်၊ တိရစ္ဆာန်အစာ၊ ဆန်လှော်မှုန့်နှင့် ခေါက်ဆွဲခြောက်*

**စာမျက်နှာ ၁၂ သို့-**

# စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းမိတ်ဆက်ခြင်းအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတက်ရောက်

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ အထူးရန်ပုံငွေ ၂၀၂၃ ဖြင့်ဆောင်ရွက်မည့် စားသောက်ကုန်ကဏ္ဍတွင် စွမ်းအင်အကျိုးရှိစွာသုံးစွဲရေး၊ ရှေ့ပြေးစီမံကိန်းမိတ်ဆက်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စွမ်းအင်နှင့်ဆက်စပ်သည့် အဖွဲ့အစည်းများမှကျွမ်းကျင်ပညာရှင်များ၊ စားသောက်ကုန်လုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များ၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စားသောက်ကုန်ကဏ္ဍအတွက် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းသည် စားသောက်ကုန်လုပ်ငန်းဆိုင်ရာစက်ရုံများတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းမှတစ်ဆင့် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစေပြီး ကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး (Energy Efficiency) လုပ်ငန်းစဉ်များကို အရေးပါသည့်ကိစ္စရပ်အဖြစ်သတ်မှတ်၍ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သဘာဝအရင်းအမြစ်များသည် အကန့်အသတ်ဖြင့်တည်ရှိနေ၍ ရေရှည်သုံးစွဲနိုင်ရေးအတွက် စွမ်းအင်ကိုအကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

အမျိုးသားအဆင့် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေးမူဝါဒအောက်တွင် စက်မှုကဏ္ဍ၊ အဆောက်အအုံကဏ္ဍ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ စွမ်းအင်စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍနှင့် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးဆိုင်ရာသင်တန်းများနှင့်အသိပညာပေးရေးအစီအစဉ်များကို အကောင်အထည်ဖော်ခြင်းစသည့် ကဏ္ဍ (၄) ရပ်ပါဝင်ကြောင်း၊ ယခု မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် ဆောင်ရွက်မည့် စားသောက်ကုန်ကဏ္ဍအတွက် စွမ်းအင်ကိုအကျိုးရှိစွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းလုပ်ငန်းများသည် စက်မှုကဏ္ဍနှင့်သက်ဆိုင်ကြောင်း၊ စက်မှုကဏ္ဍ၌ စွမ်းအင်သုံးစွဲမှုများသည့် စက်ရုံ၊ အလုပ်ရုံများတွင် စွမ်းအင်စီမံခန့်ခွဲမှုစနစ် ကျင့်သုံးနိုင်ရန်နှင့် စွမ်းအင်မန်နေဂျာများမွေးထုတ်ပေးနိုင်ရန် တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**စာမျက်နှာ ၁၄ သို့-**





**စာမျက်နှာ ၁၁ မှ-**

*ဟူ၍ခြောက်မျိုး* ဖြည့်စွက်၍ ပြုစုထားကြောင်း၊ ကောက်ညှင်းအခြေခံစားသောက်ကုန်မုန့်မျိုးစုံ၊ ကောက်ညှင်းအရက်၊ အဆင့် (၂) တန်ဖိုးမြှင့်ထုတ်ကုန် ကောက်ညှင်းခြောက်နှင့် ကောက် ညှင်းမှုန့်ဟူ၍ ထပ်မံဖြည့်စွက်ထားကြောင်း၊ အသားနှင့်ပတ်သက်၍ မူရင်းတိရစ္ဆာန်အမျိုးအစားတွင် နွားနောက်အားထပ်မံဖြည့်စွက်ထားပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဆင့် (၁) အနေဖြင့် အသားခြောက်၊ ကြက်အူချောင်း၊ ဝက်အူချောင်းနှင့်တန်ဖိုးမြှင့်ထုတ်ကုန်၊ အဆင့် (၂) တွင် အေးခဲအသား၊ စည်သွတ်ဘူး၊ အသားမွကြော်၊ အသင့်စားအသားကြော်များ၊ မူရင်းထုတ်ကုန်သားရေကို တန်ဖိုးမြှင့်ထုတ်ကုန်အဆင့် (၁) ဖိနပ်/အသုံးအဆောင်ဟူ၍ ထပ်မံဖြည့်စွက်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ စက်မှုဝန်ကြီးဌာနမှ BOT စနစ်ဖြင့်ငှားရမ်း၍ ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် သွားဘက်ဆိုင်ရာရောဂါများကုသရာတွင် အသုံးပြုသည့်အပ်များထုတ်လုပ်နေသည့် စက်ရုံသို့ရောက်ရှိရာ စက်ရုံတာဝန်ခံက လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဈေးကွက်ရရှိမှုအခြေအနေ၊ စက်ရုံအောင်မြင်စွာလည်ပတ်နိုင်ရေးအတွက်စီမံခန့်ခွဲမှုစနစ်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခွဲစိတ်ခန်းသုံးနှင့် သွားဘက်ဆိုင်ရာရောဂါများကုသရာတွင် အသုံးပြုသည့်အပ်များကို သုံးစွဲသည့်သူများ လုံခြုံစိတ်ချရသည့်ပစ္စည်းများဖြစ်အောင် နိုင်ငံတကာစံချိန်စံညွှန်းများကို တိတိကျကျလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် ရရှိပြီးသည့် ISO အသိအမှတ်ပြုလက်မှတ်ပါ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံစီမံခန့်ခွဲမှုစနစ်များကိုလည်း အခြားစက်ရုံများလိုက်ပါဆောင်ရွက်နိုင်ရေး နည်းပညာများ ဖြန့်ဝေပေးစေလိုကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းများချဲ့ထွင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်းမှာကြားပြီး ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် သွားဘက်ဆိုင်ရာရောဂါများ ကုသရာတွင် အသုံးပြုသည့်အပ်များ ထုတ်လုပ်နေသည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။ *(ပုံ)*



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရေးဌာနခွဲ (မှော်ဘီ)၌ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် ဆေးဝါးသုံးမြင်းများမွေးမြူထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရောဂါဘယကင်းစင်၍ သန်မာထွားကျိုင်းသည့်မြင်းများဖြစ်အောင် မွေးမြူရန်နှင့်မြင်းစာများကို သတ်မှတ်ထားသည့်နှုန်းထားအတိုင်း ကျွေးမွေးရန်၊ ဆေးဝါးသုံးမြင်းများကိုလည်း အပတ်စဉ်ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများဆောင်ရွက်ပေးရန်၊ မြင်းမွေးမြူရေး ခြံများသန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားရှိရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှိုင်မြို့နယ်ရှိ အီလက်ထရွန်နစ်ပစ္စည်းနှင့်လျှပ်စစ်မော်တာထုတ်လုပ်ရေးအလုပ်ရုံကို ရွှေကသာကုမ္ပဏီလီမိတက်က ငှားရမ်း၍ ဆိုလာပြားများထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး *(ပုံ)* ဈေးကွက်မှတောင်းဆိုသည့်အတိုင်း ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရန်၊ စက်ရုံမှထုတ်လုပ်သည့် ဆိုလာပြား

***စာမျက်နှာ ၁၅ သို့-***



*မျက်နှာဖုံးမှ -*

# Daewoo Bus ထုတ်လုပ်သည့်အလုပ်ရုံနှင့် စက္ကူစက်ရုံ(ရေနီ)တို့သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ Daewoo Bus များ ထုတ်လုပ်သည့်အလုပ်ရုံသို့ရောက်ရှိပြီး ထုတ်လုပ်တပ်ဆင်ထားသည့် Daewoo Bus များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ *(ပုံ)*



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် လျှပ်စစ်မော်တော်ယာဉ်များနှင့်ပတ်သက်၍ မူဝါဒများရေးဆွဲ၍ ဖွံ့ဖြိုးတိုးတက်အောင်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသဖြင့် လျှပ်စစ်ဘတ်စ်ကားများ တပ်ဆင်ထုတ်လုပ်မည့်လုပ်ငန်းများကို လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကုမ္ပဏီတာဝန်ရှိသူများအနေဖြင့် လူမှုတာဝန်သိမှုလုပ်ငန်းများ (Corporate Social Responsibility-CSR) ဆောင်ရွက်ပေးရန်၊ လျှပ်စစ်သုံးမော်တော်ယာဉ်များအတွက် Charging Station နှင့်ရွေ့လျား Charging တို့ကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်မှာကြားပြီး မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ရေနီမြို့ရှိ စက္ကူစက်ရုံ(ရေနီ) သို့ရောက်ရှိပြီး အသေးစားပျော့ဖတ်နှင့်စက္ကူထုတ်လုပ်သည့်စက်များ ပြုပြင်နေမှုနှင့် ချိန်ညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တစ်ရက်လျှင် ၃ တန်မှ ၅ တန်အထိထုတ်လုပ်နိုင်သော အသေးစား ပျော့ဖတ်ထုတ်လုပ်သည့်စက်များ ထုတ်လုပ်နိုင်ရေးအတွက် အဖွဲ့များဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်ရန်နှင့် တစ်ရက်လျှင် ၁၀ တန်အထိ ထုတ်လုပ်နိုင်သည့်စက်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ ထုတ်လုပ်မည့်အသေးစားပျော့ဖတ်စက်၏ ဒီဇိုင်းရေးဆွဲနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်၊ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာများကိုလည်း ပြန်လည်စစ်ဆေး၍ ကောင်းမွန်အောင်ပြုပြင်ရန်၊ တစ်ရက်လျှင် တန် ၂၀ ထုတ်လုပ်နိုင်သည့် ကတ်ထူစက္ကူစက်ရုံကို ပြန်လည် လည်ပတ်နိုင်ရေးဆောင်ရွက်လျက်ရှိသဖြင့် စက်အရန်ပစ္စည်းများ ထုတ်လုပ်ပေးသည့်စက်ပစ္စည်းများ ပြုပြင်မွမ်းမံပေးရသည့် စက်ပစ္စည်းများကိုလည်း ကောင်းမွန်အောင်ပြုပြင်ထားရန်၊ စက်ရုံရှိ ဝန်ထမ်းများသည် ပျော့ဖတ်နှင့်စက္ကူများ ထုတ်လုပ်သည့် လုပ်ငန်းအတွေ့အကြုံများရှိပြီးဖြစ်သော်လည်း ခေတ်မီနည်းပညာများရရှိစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများပြုလုပ်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၂ မှ-*

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏သံမှူးကြီး ဒေါက်တာကျန်းကိဟုန်က မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ အထူးရန်ပုံငွေ ၂၀၂၃ ဖြင့်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆက်လက်ကျင်းပရာ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းနှင့်ပတ်သက်၍လည်းကောင်း၊ စွမ်းအင်ခြိုးခြံချွေတာရေးဌာန ညွှန်ကြားရေးမှူးက ရှေ့ပြေးစီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏အကြံပေးပုဂ္ဂိုလ်က စားသောက်ကုန်ကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ အဆိုပါ စားသောက်ကုန်ကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းမိတ်ဆက်ခြင်းအခမ်းအနားကို နှစ်ရက်ကြာကျင်းပသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၃ မှ-*



များသည် စျေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်သည့်ပစ္စည်းများဖြစ်အောင် စီမံဆောင်ရွက်ရန်မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) သို့ရောက်ရှိပြီး သွေးကြောသွင်းဆေးရည်များထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး*(ပုံ)* ပြည်တွင်းလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောစက်အရန်ပစ္စည်းများကို ကြိုတင်ဖြည့်ဆည်းထားရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သောလူ့စွမ်းအားအရင်းအမြစ်များကိုလည်း လေ့ကျင့်သင်ကြားမွေးမြူထားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးအတွင်းရှိစက်ရုံများသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ အမှတ် (၅) အထည်စက်ရုံ (ပခုက္ကူ) နှင့်အမှတ် (၁၁) အထည်စက်ရုံ (ပခုက္ကူ) တို့သို့ရောက်ရှိပြီး စက်ရုံမှူးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် စက်ရုံများရှိ ချွတ်ယွင်းနေသည့်စက်ပစ္စည်းများကို ကောင်းမွန်အောင် အမြန်ဆုံးပြုပြင်သွားရန်၊ ယခုဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ အချိန်မီပြီးစီးရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ လာမည့်ဘဏ္ဍာရေးနှစ်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောစက်အရန်ပစ္စည်းများကိုလည်း ဝယ်ယူဖြည့်တင်းရန်တို့ကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုလျာထားချက်ပြည့်မီရေးအတွက် ရေးဆွဲထားရှိသည့် စီမံချက်များအတိုင်း တိတိကျကျအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအပ်နှံဆောင်ရွက်ထားသည့် စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် စက်ရုံ၌တပ်ဆင်ပြီးစီးသည့် စက်ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ဘဏ္ဍာရန်ပုံငွေများကို လေလွင့်ဆုံးရှုံးမှုမရှိအောင် စနစ်တကျသုံးစွဲသွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ယာဉ်အိုယာဉ်ဟောင်းမှထွက်ရှိသည့် အင်ဂျင်ပျက်များ၏ အစိတ်အပိုင်းများကို စုစည်းထုပ်ပိုးနေမှုအခြေအနေနှင့် သံမဏိလေးထောင့်တုံး၊ သံမဏိပြားများထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားလိုက်နာဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ *(ပုံ)*

**သတင်းစဉ်**



မျက်နှာဖုံးမှ -

## ရုရှားနိုင်ငံ NPPA-Engineering LLC Company မှ ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောလီသန်း လက်ခံတွေ့ဆုံ



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောလီသန်းသည် မတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ရုရှားနိုင်ငံ NPPA-Engineering LLC Company မှ Chief Commercial Officer Mr. Alexei Shoshin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စက်မှုဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။*(ပုံ)*

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံအမျိုးမျိုးမှ တစ်နှစ်လျှင် တန်ချိန် ၃၅,၀၀၀ ထွက်ရှိမည့် စားသုံးဆီထုတ်လုပ်မှုလိုင်းတည်ဆောက်ရေး၊ ဆီကြိတ်ခွဲရာမှထွက်ရှိသည့် ဘေးထွက်ပစ္စည်းများဖြင့် တိရစ္ဆာန်အစားအစာနှင့် လောင်စာတောင့်များထုတ်လုပ်ရေး၊ သီးနှံများစိုက်ပျိုးခြင်း၊ ပြုပြင်ထုပ်ပိုးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် စက်များတပ်ဆင်ခြင်းနှင့် စမ်းသပ်လည်ပတ်ခြင်း၊ ကြီးကြပ်ပေးခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်ရေး စသည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်၍ ဆွေးနွေးကြသည်။

ထို့ပြင် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရေး၊ စိုက်ဧကများအားလုံးတွင် သတ်မှတ်ပန်းတိုင်အထွက်နှုန်းများရရှိရေး၊ ဆီထွက်သီးနှံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာစေရေး၊ မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ စိုက်နည်းစနစ်နှင့် စိုက်ချိန်မှန်ကန်ခြင်း၊ မြေပြုပြင်ခြင်းနှင့်သွင်းအားစုများထည့်သွင်းခြင်း၊ ပိုးမွှားရောဂါနှိမ်နင်းခြင်း၊ စနစ်တကျရိတ်သိမ်းခြွေလှေ့ခြင်း စသည့်ကိစ္စရပ်များကို နိုင်ငံတော်မှတွန်းအားပေးဆောင်ရွက်နေမှု၊ စားသုံးဆီများကို အစားအစာဘေးကင်းလုံခြုံမှုစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီစွာ အဆင့်မြှင့်တင်ထုတ်လုပ်ရေး၊ မိရိုးဖလာဆီထုတ်လုပ်သည့်လုပ်ငန်းနည်းစနစ်မှ ပိုမိုကောင်းမွန်သည့်ဆီချောထုတ်လုပ်နိုင်ရန် ဆီသန့်စင်သည့် Refinery ဆိုင်ရာနည်းပညာများ လိုအပ်ခြင်းနှင့်ဆီသန့်စင်စက်များ ဝယ်ယူတင်သွင်းနိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

---

## အိန္ဒိယနိုင်ငံ Nipha Export Private Limited (NIPHA) မှ ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောလီသန်း လက်ခံတွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောလီသန်းသည် မတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ Nipha Exports Private Limited မှ ဒုတိယဥက္ကဋ္ဌ Mr.P.K.Shah ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) ရှိ ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။*(ပုံ)*



ထိုသို့တွေ့ဆုံစဉ် Nipha Exports Private Limited သည် ၁၉၆၀ ခုနှစ်မှစ၍ စိုက်ပျိုးရေးလုပ်ငန်းများ၊ လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မီးရထားသံလမ်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စက်ပစ္စည်းများ၊ ဂုန်လျှော်ထုတ်လုပ်သည့်စက်ပစ္စည်းများ၊ ချည်မျှင်ထုတ်လုပ်သည့်စက်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများကိုထုတ်လုပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံရှိ စက်မှုကဏ္ဍအတွက် လိုအပ်သောစက်ပစ္စည်းများတင်သွင်းရေးကိစ္စ၊ MSME များ၊ သံမဏိ၊ ဘိလပ်မြေ၊ ဆေးဝါး၊ ချည်မျှင်နှင့်အထည် စသည့်လုပ်ငန်းများရှိ ထုတ်လုပ်မှုကဏ္ဍတိုးတက်ရေးအတွက် လိုအပ်သောစက်ပစ္စည်းများနှင့်နည်းပညာများ ပံ့ပိုးကူညီရေးကိစ္စ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရန်အတွက် ကုန်သွယ်မှုလုပ်ငန်းများတွင် အိန္ဒိယရူပီး/မြန်မာကျပ်ငွေတိုက်ရိုက်ပေးချေနိုင်ရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။